# ဆက်သိ

## ကိုယ်တိုင် သိရှိသွားမှာ



(ပဌမအကြိမ်)

# ကိုယ်ရေးအကျဉ်း

ဇဏ်ခီသည် မန္တလေးဇာတိ ဖြစ်သည်။ ဆယ်ကျော်သက်အရွယ်၌ အမေရိကသို့ ဖခင်ဖြစ်သူ နှင့်အတူ ရွှေ့ပြောင်း နေထိုင်ခဲ့ပါသည်။ အထက်တန်းကျောင်းသား ဘဝမှ စ၍ ဂီတပညာကို အထူး စိတ်ဝင်စားကာ တက္ကသိုလ်၌ ဂီတပညာရပ်ကို Major အဖြစ် ရွေးချယ် သင်ကြားခဲ့သည်။ ထို့နောက် ဂီတသီအိုရီ ဘာသာရပ်များကို ငြီးငွေ့လာသဖြင့် အသံဖမ်းအင်ဂျင်နီယာ ဘာသာရပ်ကို ပြောင်းကာ ရုပ်ရှင်အသံ (Post - Production Sound) ဖြင့် IAR (Institute of Audio Research,NY) မှ ကျောင်းပြီးခဲ့ပါသည်။ နယူးရော့(ခ်)မြို့၌ ရုပ်ရှင်နှင့်ပတ်သက်သော အသံပိုင်းဆိုင်ရာ အလုပ်များ လုပ်ကိုင်ရင်း အမှတ်မထင် သရုပ်ဆောင်အဖြစ် စတင် ဝင်ရောက် လုပ်ကိုင်ဖြစ်သည်။ ဇနီးဖြစ်သူနှင့် အတူ ရုပ်ရှင်တိုများ နှင့် Music Vedio များကို တွဲဖက်လုပ်ကိုင်ရင်း ဇာတ်ညွှန်းများ ပါ စတင် ရေးဖြစ်ခဲ့သည် ။ ၂၀၀၈ ခုနှစ်ကုန်မှ စ၍ မြန်မာပြည်တွင် ပြန်လည်ပြောင်းရွှေ့နေထိုင်ခဲ့ကြပြီး ရုပ်ရှင်လုပ်ငန်း၌ ဓာက်ချလုပ်ကိုင်ခဲ့ကြသည်။ ၂၀၁၈ ခုနှစ်အတွင်း၌ သူကိုယ်တိုင် ခေါင်းဆောင်မင်းသားအဖြစ် သရုပ်ဆောင်ကာ အသံနှင့်နောက်ခံ ဂီတကို ဖန်တီး တီးခတ်ထားသော "ဥပါယ်တံမျဉ်" နှင့် "မုဒြာခေါ်သံ" ရုပ်ရှင်ဇာတ်ကားကြီး ၂ ကားကို ရုံတင်ပြသခွင့်ရရှိခဲ့ပြီး ပရိသတ်အားပေးမှုကို ရရှိခဲ့ပါသည်။

'ဥပါယ်တံမျဉ်' ဇာတ်ကား၏ ဇာတ်ညွှန်းသည် လည်း ပဲ ဇဏ်ခီကိုယ်

တိုင် ရေးထားသော ဇာတ်ညွှန်းဖြစ်ပြီး ပွဲဦးထွက် ပိတ်ကားပေါ် ပြသခွင့် ရခဲ့သည့် ရုပ်ရှင်ဖြစ်ခဲ့သည် ။

ဇဏ်ခီသည် ယခုအချိန်၌ သရုပ်ဆောင်၊ ဇာတ်ညွှန်း၊ ရုပ်ရှင်နောက်ခံ တေးများ အပြင် သူ၏ ပထမအိပ်မက်ဖြစ်သော ရော့ခ်အဆိုတော် တစ်ယောက် ဖြစ်နိုင်ရန် သူ၏ ဒုတိယ ကိုယ်တိုင်ရေး/ဆို ကိုယ်ပိုင်သံစဉ် တစ်ကိုယ်တော်စီးရီး ထုတ်နိုင်ရန် ကြိုးစားလျက် ရှိပါသည် ။ ဇဏ်ခီ၏ နောက်ဝါသနာ တစ်ခုမှာ အတွေးအခေါ်ပညာရပ် ဖြစ်သည့် အလျောက် Facebook ၌ I Love Buddha Page ထောင်ကာ ဗုဒ္ဓဘာသာကို ပုဂ္ဂလိက အမြင်ဖြင့် ဆောင်းပါးများ ရေးသားလျက် ရှိပါသည် ။

ယခု ' ကိုယ်တိုင်သိရှိသွားမှု ' အက်ဆေးစာအုပ်သည် ဇဏ်ခီ၏ ပထမဦးဆုံး စာအုပ် ဖြစ်ပါသည် ။